## September- 1 (စက်တင်ဘာလ ၁)

**သခင်ဘုရားကလည်း ထိုသူကားတစ်ပါးအမျိုးသားတို့နှင့် ရှင်ဘုရင်ထံသို့၎င်း၊ဣသရေလ အမျိုးသားတို့ရှိရာသို့၎င်း၊ ငါ၏နာမကို ပို့ဆောင်စေခြင်းငှာ ငါရွေးကောက်သော တန်ဆာဖြစ်၏။(တ ၉း၁၅)**

ကျွန်ုပ်တို့ကိုယ်တိုင် သူနှင့်အတူပေါင်းစည်းခဲ့သည့် သခင်ယေရှုသည် ခမည်းတော်၏ရွေးကောက်တော်မူသော သူဖြစ်သည်ကို ကျွန်ုပ်တို့သည် တွေ့မြင်ကြသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သူ့နောက်သို့လိုက်ရန် ကျွန်ုပ်တို့သည် အရာခပ်သိမ်းအားလုံးကိုစွန့်ပစ်ခဲ့ကြသောသူ၌ ခမည်းတော်၏ဂုဏ်အင်္ဂါအား ထင်ရှားပြသခဲ့သည်ကို ကျွန်ုပ်တို့သည်မြင်တွေ့ကြရသောကြောင့်ဖြစ်ပါသည်။ထိုနည်းတူပင် ဘုရားသခင်နှင့်ဆိုင်သောအကြံအစည်နှင့် အမှုတော်မြတ်နှင့်အတူ ဆက်နွယ်ခြင်း၌ ရှိလျက်နေသော မည့်သည့်ညီအစ်ကိုကိုမဆို ကျွန်ုပ်တို့၏အကူအညီ ကျွန်ုပ်တို့၏ ထောက်ပံ့မှုကို ကျွန်ုပ်တို့သည်ပေးလျှင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆွဲဆောင်မှု(သို့)အခွင့်အရေးပေးခြင်း(မျက်နှာသာပေးခြင်း)တစ်ခုမျှသာမဟုတ်ဘဲသူ၏ခွဲခန့်ထားခြင်းကို ခံရသောခေါင်းဆောင်အားအသိအမှတ်ပြုခြင်းနှင့်အတူ ကျွန်ုပ်တို့၏ နှလုံးသားများကို သခင်ဘုရားအားဖြင့် ထိတွေ့သောကြောင့်ဖြစ်သည်ဟူသော အကြောင်းရင်း စိတ်ကူးအပေါ်၌ ရိုးစင်းစွာကူညီခြင်း ဖြစ်သင့်ကြပါသည်။

## September- 2 (စက်တင်ဘာလ ၂)

**သင်တို့သည်ဖောက်ပြန်သော ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်ဟုတ်၊မဖောက်ပြန် မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့်၊ ညီအစ်ကိုများကို ချစ်ယောင်မဆောင် ၊ အမှန်ချစ်ခြင်းအလို့ငှာ၊ စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီး သည်နှင့် အညီ စင်ကြယ်**

**သောစိတ်နှင့် အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။ (၁ ပေ ၁း၂၂)**

အသိပညာအား အသင်းတော်၌မြင့်မားစွာလေးစားမှုရှိလျက် တိုးတက်မှုနှင့်ကြီးထွားမှုသက်သေတစ်ခုအဖြစ် သတ်မှတ်ပါသည်။အဘယ်ကြောင့်ဆိုသော် အသိပညာ၌သူသည် မကြီးထွားခဲ့လျှင် အသိပညာ၌သော်၎င်း သခင်ဘုရား၌သော်၎င်း၊ သူ၏တန်ခိုးတော်၌သော်၎င်း၊ သန့်စွမ်းရန်မည်သူမျှ မကြီးထွားနိုင်သောကြောင့်ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်ကို လေ့လာခြင်း၌ စိတ်အားထက်သန်ခြင်းအားဖြင့် သက်သေရှိကြလျှက် သခင်ဘုရား၌သူ၏ သမ္မာတရားအတွက်သူတို့၏ချစ်ခြင်းကို၎င်း၊ဘုရားသခင်၏နက်နဲသောအရာများထဲသို့ သူတို့အားပို၍ပို၍သွန်သင်ခြင်း ခံရခြင်းအားဖြင့် သက်သေရှိကြလျက် ဘုရားသခင်နှင့်အတူအလွန်မြင့်မားသောသူတို့၏ကူညီခြင်းကို၎င်း၊ ကျွန်ုပ်တို့သည် သင့်လျော်စွာလေးစားကြပါသည်။ သို့သော်လည်းမြေကြီးဆိုင်ရာမိသားစု၌ ကလေးသူငယ်များနှင့် အပြည့်အဝ မဖွံ့ဖြိုးသေးသောသူတို့ကို ကျွန်ုပ်တို့သည် ချစ်လျက်ဂရုစိုက်သကဲ့သို့ ယုံကြည်ခြင်းအိမ်သူ အိမ်သား ထဲ၌လည်း ငယ်သောသူနှင့် အားနည်းသောသူ မဖွံ့ဖြိုးသေးသောသူတို့ကို ကူညီကြရမည်။ ဂရုစိုက်ကြရမည်၊ ချစ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ သူတို့သည် သခင်ဘုရား၌သော်၎င်း၊ သူ၏ကြီးမြတ်သော တန်ခိုးတော်၌၎င်း ကြီးထွားနိုင်မည်ဖြစ်ပါသည်။

## September- 3 (စက်တင်ဘာလ ၃)

**ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်း ဂရုဏာအကျင့်ကိုငှင်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ၊ ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကိုငှင်း ငါနှစ်သက်၏။ ( ဟောရှေ ၆ း ၆)**

ဘုရားသခင်ထံသို့ သူ၏ဆန္ဒ၊ သူ၏နှလုံးသားကိုပေးသောသူသည် အရာအားလုံးကိုပေးပါသည်။ဘုရားသခင်ထံ သူ၏ဆန္ဒကို မပေးသောသူ၊ နှလုံးသား၏နာခံခြင်းသို့ မရောက်လာသောသူသည် ဘုရားသခင်လက်ခံနိုင်သော ယဇ်ပူဇော်ခြင်းကို မပူဇော်နိုင်ပါ။ နာခံခြင်းသည် ယဇ်ပူဇော်ခြင်းထက်သာ၍ကောင်းမြတ်သည်ကိုတွေ့မြင်ရန်သည် သခင်ယေရှုခရစ်၌ ဆက်ကပ်အပ်နှံထားသောသူအားလုံးတို့၏ နှလုံးသားတို့အပေါ်တွင်နက်နဲစွာအက္ခရာတင်ထားသင့်သော သင်ခန်းစာတစ်ခုဖြစ်ပါသည်။ နာခံခြင်းစိတ်သဘောရှိဖို့ရန်သည်မဖြစ်မနေလိုအပ်ပါသည်။ နာခံခြင်းစိတ်ရှိသော မည်သူမဆိုသည် ဘုရားသခင်နှင့်ဆိုင်သောအလိုတော်ကို နာခံရုံသာမက သူနာခံနိုင်သည့် ဘုရားသခင်၏ အလိုတော်ကိုပို၍ပို၍သိရန် ရှာဖွေမည်ဖြစ်ပါသည်။သူ၏နှုတ်ကပတ်တော်ကို ငါ့တွေ့ပြီငါစားခဲ့၏ဟူ၍ သမ္မာကျမ်းစာထဲ၌ငှင်း၊ ကိုယ်တော်၏အလိုတော်ကိုလုပ်ဆောင်ခြင်း၌ ကျွန်ုပ်အားဝမ်းမြောက်ပါသည် တရားတော်ကိုကျွန်ုပ်၏နှလုံးသားထဲ၌ ရေးသားထားပါသည်ဟူ၍ သခင်၏နှုတ်ထွက်စကားများ၌ငှင်း ဤအတန်းအစားနှင့်ပတ်သက်၍ မိန့်မှာထားပါသည်။

## September- 4 (စက်တင်ဘာလ ၄)

**ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ၊သံဝေဂသည် ပူပန်ခြင်း ဝေဒနာကိုဖြစ်စေသောကြောင့် စုံလင်သောမေတ္တာသည် သံဝေဂကို ဖယ်ရှားတတ်၏။ သံဝေဂရှိသော သူသည် မေတ္တာနှင့် မပြည့်စုံသေး။ (၁ ယော ၄ း ၁၈)**

သူတို့ရှာမတွေ့နိုင်သောနေရာ၌ပင်လျှင် သူအားခိုလှုံရန်နှင့် ယခင်ကအတွေ့အကြုံများအားဖြင့်ဘုရားသခင်ကိုသိရန် လေ့လာခဲ့ကြသောသူများအပေါ်မှတစ်ပါးကြောက်ခြင်းသံဝေဂ၏ သက်ရောက်မှုသည် အလွန်ကြီးမား၍ အလွန်ကြောက်စရာကောင်းသည်မှာ အမှန်ဖြစ်ပါသည်။ကြောက်ရွံ့ခြင်းနှင့်စိတ်ပျက်အားလျော့ခြင်းဘီလူးအား "ကျမ်းစာလာသည်ကား"ဟူ၍ စမ်းချောင်းငယ်မှကျောက်စရစ်ခဲနှင့်အတူ ဆုံတွေ့ကြရမည်ဖြစ်ပါသည်။ရန်သူကိုသတ်ရန်နှင့်သူ၏လွှမ်းမိုးမှုတို့မှ ကျွန်ုပ်တို့အား လွတ်မြောက်စေရန် ခွန်အားနှင့်အတူ ကတိတော်နှင့် စပ်ဆိုင်သော နှုတ်ကပတ်တော်အား ယုံကြည်ခြင်းတည်းဟူသော သရေကြိုးလက်လွဲ(လောက်လွဲ)အားဖြင့် ပစ်လွှတ်ကြရမည်ဖြစ်ပါသည်။

"သင်သည် စားလှံ၊ကိဒုန်ပါလျက် ငါထံ"သို့လာ၏။ငါသည်သင်ကြိမ်းပသော ဣသရေလဗိုလ်ခြေတို့၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နာမတော်ပါလျက်သင်ရှိရာသို့လာ၏"ဟုဒါဝိဒ်သည် ဖိလိတ္တိလူအား ဖြေကြားသကဲ့သို့ သူ၏လှံတံတော်နှင့် တောင်ဝှေးတော်၌ ခိုလှုံကိုးစားလျက် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူ လက်နက်တပ်ဆင်ခြင်းသာလျှင် ကျွန်ုပ်တို့သည် ကောင်းစွာရဲရင့်ခြင်း ရှိနိုင်မည်ဖြစ်ပြီးအလွန်ကြီးမားသော အယူဝါဒကွဲပြားခြင်းကို ဖြေကြားနိုင်မည် ဖြစ်ပါသည်။

## September- 5 (စက်တင်ဘာလ ၅)

**ခင်ပွန်းကို မယုံသောစိတ်သဘောသည်(Jealousy)မရဏာနိုင်ငံနှင့်အမျှခက်ထန်ပါ၏။ သူ၏အရှိန်သည် မီးအရှိန် ၊ လျှပ်စစ်အရှိန် ဖြစ်ပါသည်။ (ရှောလမုန် သီချင်း ၈ း၆)**

ယုံမှားခြင်းသည် ခရစ်ယာန်တိုင်း ရင်ဆိုင်ရသော ကြီးမားသည့်ရန်သူများထဲမှ တစ်ဦးဖြစ်ပါသည်။ဘုရားသခင်၊ လူနှင့် ကောင်းသော နိယာမသဘောတရားတိုင်း၏ ရန်သူတစ်ဦးကဲ့သို့သော အမြင်၌၄င်းကိုသတ်သင့်ပါသည်။ ခေတ္တခဏပင်လျှင် ၎င်း၏တည်ရှိခြင်းသည် နှလုံးသားကိုညစ်ညူးစေခဲ့သော အတိုင်းအတာအတွက်သန့်ရှင်းခြင်း နှင့်စပ်ဆိုင်သော စိတ်သဘောအတွက် စင်ကြယ်ခြင်းနှင့်ချစ်ခြင်းမေတ္တာကို အသုံးပြုသင့်ပါသည်။ မနာလိုခြင်း၊ ယုံမှားခြင်းသည် ၎င်းကိုယ်တိုင်ပင် အလွန်ကြောက်စရာကောင်းရုံသာမက ၎င်း၏အဆိပ်ပြင်းသောချွန်ထက်သည့် အစွယ်များသည် အခြားသူတို့အပေါ်တွင် နာကျင်ခြင်းနှင့် ဒုက္ခကိုပေးရန် အလွန်သေချာသကဲ့သို့ ၎င်းအားကြာရှည် ထိန်းသိမ်းထားသောသူအပေါ်တွင်လည်း အကြီးအကျယ်စိတ်ဆင်းရဲခြင်းနှင့် နောက်ဆုံးတွင်ပျက်စီးခြင်းကို ယူဆောင်လာမည်ဖြစ်သည်။မနာလိုခြင်းသည် အတွေး၌အပြစ်၊အတွေး၌ထိခိုက်နစ်နာစေသော စိတ်ရှိခြင်းဖြစ်ပြီး အပြုအမူ၌ အပြစ်နှင့်မတရားပြုလုပ်ခြင်းသို့ လျှင်မြန်စွာအလျင်ဦးဆောင်တတ်ပါသည်။အကယ်၍စိတ်နှလုံးသည် တစ်ချိန်တုန်းက မနာလိုခြင်းနှင့်အတူအဆိပ်မိခဲ့သော် ကြီးမားသောခက်ခဲခြင်းနှင့်အတူ ၎င်းမှလုံးဝစင်ကြယ်စေနိုင်ပါ သည်။ထို့ကြောင့်စိတ်နှလုံး၏ ကိုယ်ပိုင်အရောင်နှင့်စရိုက်အတွက် ၎င်း၏ရပ်တည်ချက်အခြေအနေအတွင်းအရာ ခပ်သိမ်းကိုလျှင် မြန်စွာ ဆောင်ယူပါ။

## September- 6 (စက်တင်ဘာလ ၆)

**သင်၌မကောင်းသော အနိဋ္ဌရုပ် မကပ်မရောက်။ (ဆာ ၉၁း၁၀)**

မည်သည့်နည်းလမ်းအားဖြင့်မဆို ကျွန်ုပ်တို့အား နာကျင်စေလိမ့်မဟုတ်။ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာစိတ်ပါ ဝင်စားမှုများ(သို့)နှစ်သိမ့်မှုများ(သို့)အင်္ဂါအတာများကို ခပ်သိမ်းသောအရာတို့သည် တားမြစ်နိုင်ပါသည်။သို့သော် ကျွန်ုပ်တို့သည် ဇာတိပကတိ၌ ရှိကြသည်မဟုတ်ဘဲ အချိန်တန်သောအခါ၌ နိုင်ငံတော်အားသခင်ဘုရားသည် ကျွန်ုပ်တို့အတွက် ကတိပေးထားတော်မူခဲ့ခြင်းခံရသော အသစ်သောသတ္တဝါများအနေဖြင့်ဝိညာဉ်ပကတိ၌ရှိကြ မည်ကို အောက်မေ့သတိရသောအခါကျွန်ုပ်တို့၏စစ်မှန်သော စိတ်ပါဝင်စားမှုများ၊ကျွန်ုပ်တို့၏ဝိညာဉ်ပိုင်းဆိုင် ရာစိတ်ပါဝင်စားမှုများကို အပြင်ပိုင်းဆိုင်ရာ သက်ရောက်မှုအင်အားသည် တားမြစ်နိုင်ခြင်းမရှိသလို သူ၏သစ္စာရှိ သောသူတို့အတွက် ကတိထားတော်မူခဲ့သော နိုင်ငံတော်၏ ဘုန်းအသရေများကို ကျွန်ုပ်တို့ရရှိခြင်းအား မဟန့်တား နိုင်သည်ကိုလည်း ကျွန်ုပ်တို့သိလာနိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်၌ ယုံကြည်စိတ်ချမှုဆုံးရှုံးခြင်းနှင့်သူ့အပေါ် ကျွန်ုပ်တို့၏ သစ္စာမရှိခြင်းကသာလျှင် သူ၏မေတ္တာနှင့် သူ၏ကတိတော်များမှ ကျွန်ုပ်တို့ကို ကွာစေနိုင်ပါသည်။

## September- 7 (စက်တင်ဘာလ ၇)

**လူမည်သည်ကားခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြ၏။ (၂ကော ၅း၁၇)**

ယေရှုခရစ်တော်၌ ဤအသစ်သော သတ္တဝါတို့သည် ဇာတိပကတိအားဖြင့်မဟုတ် ဝိညာဉ်ပကတိနှင့်အညီ တစ်ဦးနှင့်တစ်ဦး သိရှိကြပါသည်။ဇာတိပကတိနှင့်အညီ သူတို့၏အားနည်းချက်များ မည်သို့ပင်ရှိနေစေကာမူ တစ်ဦးနှင့်တစ်ဦး၏ စိတ်သဘောများ(သို့)အသစ်သောဆန္ဒများ၌ ကောင်းသော၊မွန်မြတ်သော၊စင်ကြယ်သော အမွန်မြတ်ဆုံးအယူအဆသဘောထားများ၊အမြင့်ဆုံးသောပြင်းပျသည့် ရည်မှန်းချက်များ ရှိကြပါသည်။သူတို့သည် ရည်ရွယ်ချက်၊အလိုဆန္ဒ၊ဘုရားသခင်နှင့်ညီညွတ်ခြင်း၏ အသစ်သောရှုထောင့်မှ တစ်ဦးကိုတစ်ဦးချစ်ခင်ကြပါ သည်။လောက၊ ဇာတိနှင့် မာနတ်၏မကောင်းသည့်သက်ရောက်မှုများကို ဆန့်ကျင်သည့်ယုံကြည်ခြင်းနှင့်စပ်ဆိုင် သောကောင်းသောတိုက်လှန်ခြင်း၌ တစ်ဦးနှင့်တစ်ဦး၏စွမ်းအင်(အားအင်)များကို သူတို့သည်သိမြင်ကြသည့် အတိုင်းတစ်ဦးနှင့်တစ်ဦး၊ သူတို့၏ချစ်ကြည်ရင်းနှီးမှုသည် တိုး၍ကြီးထွားပါသည်။ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြသော ယေရှုခရစ်၌ ဤအသစ်သောသတ္တဝါတို့အကြား အသက်ရှင်နေသော ချစ်ခြင်းမေတ္တာနှင့်ချစ်ကြည်ရင်းနှီးမှုကို လျှာအားဖြင့်၎င်း၊ ကလောင်တံအားဖြင့်၎င်း(စာ) သင့်လျော်စွာ မဖော်ပြနိုင်ပါ။

## September- 8 (စက်တင်ဘာလ ၈)

**လောကီမိတ်သဟာရသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ဤလောကနှင့် မိသဟာရဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။ (ယာ ၄ း၄)**

ဘုရားသခင်နှင့်ဆိုင်သော ရင်းနှီးကျွမ်းဝင်မှုနှင့်မိသဟာရဖွဲ့ခြင်းကို၎င်း၊ ဒါမှမဟုတ်လောကီဆိုင်ရာရင်းနှီး ကျွမ်းဝင်မှုနှင့်လောကီမိသဟာရဖွဲ့ခြင်းကို၎င်း၊ဘုရားသခင်၏လူတို့သည်သူတို့၏ရွေးချယ်ခြင်းကိုပြုလုပ်ကြရမည့် အနေအထားတစ်ခု၌ ဘုရားသခင်သည် ဤအရာကို ရည်ရွယ်ချက်ရှိစွာဖြင့်ထားထားခဲ့ပါသည်။အဘယ်ကြောင့် ဆိုသော်ဘုရားသခင်နှစ်သက်သောအရာများသည် လောကီဆိုင်ရာအတွက်မနှစ်မြို့ဘွယ်ရာများဖြစ်ပြီး၊ လောကီဆိုင်ရာချစ်ခင်နှစ်သက်မှုများ၊မကောင်းသော အကျင့်အကြံများ၊မကောင်းသောအပြောအဆိုများနှင့် မကောင်းသောအတွေးများဖြစ်ကြသော ထိုအရာတို့သည် ဘုရားသခင်၏ရှေ့တော်၌ အလွန်ရွံရှာဘွယ်သော အရာတစ်ခုဖြစ်သောကြောင့်ဖြစ်ပါသည်။ ထိုကဲ့သို့သော အရာများကို ချစ်ခင်နှစ်သက်လျက်ပြုမူ လုပ်ဆောင်သောသူတို့သည်သူ၏မိသဟာရဖွဲ့ခြင်း ဆုံးရှုံးကြပြီး သူတို့သည် ခရစ်တော်၏စိတ်သဘောနှင့် မစပ်ဆိုင်သောသူများဖြစ်ကြပါသည်။ခရစ်တော်၏ ဝိညာဉ် (စိတ်သဘော)မရှိသောသူသည် သူနှင့် မစပ်ဆိုင်ပါ။

## September- 9 (စက်တင်ဘာလ ၉)

**သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန်၊ ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်ကို ပြသ၍ စကြာဝဠာ၌ နေ၊ လ၊ ကြယ်နက္ခတ်ကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏။ (ဖိ ၂း၁၅-၁၆)**

သမ္မာတရားအား ဖြန့်ဝေခြင်း၌(သူ၏အလင်းအား ထွန်းလင်းခြင်းကို ခွင့်ပြုခြင်း၌သော်၄င်း၊ ၄င်းအားပို၍ တောက်ပထွန်းလင်းစေခြင်း၌သော်၄င်း)အလွန်တက်ကြွမှုရှိရန်သည် ဘုရားသခင်၏သားသမီးတိုင်းတို့၏တာဝန်ဖြစ်ပါသည်။'တောက်ပထွန်းလင်းခြင်း'သည် မည်သည့်အရာကိုဆိုလိုပါသနည်း။ သမ္မာတရား၏တိကျသောအသိပညာတစ်ခုသို့ရောက်ရှိလာနိုင်သော အသက်နှင့်ဆိုင်သောစကားများကို အလွန်နီးကပ်သောအာရုံစူးစိုက်မှုကို ကျွန်ုပ်တို့သည်ပေးကြရမည်ဟုဆိုလိုပါသည်။ဩဝါဒအမှားတစ်ခုဖြစ်စေ (သို့)ကျွန်ုပ်တို့၏နေ့စဉ်ကျင်လည်ခြင်းနှင့်ပြောဆိုခြင်းများ၌ အမှားဖြစ်စေ ကျွန်ုပ်တို့ထံလျှင်မြန်စွာဖြစ်ပေါ်လာသော အမှားနှင့်ဆိုင်သောအကြွင်းအကျန်တိုင်းကို ကျွန်ုပ်တို့သည်ဂရုစိုက်လျက်သစ္စာရှိစွာ ဖယ်ရှားကြရမည်ဖြစ်ပါသည်။ဤသို့အားဖြင့်ဘုရားသခင်နှင့်ဆိုင်သော စင်ကြယ်သောသမ္မာတရားအလင်းသည် ရှင်းလင်းထင်ရှားသောစရိုက်လက္ခဏာတစ်ခု၏နည်းလမ်းအားဖြင့် ဖြစ်နိုင်သည့်အတိုင်း အနည်းငယ်အဟန့်အတားနှင့်အတူ ထွန်းလင်းနိုင်မည်ဖြစ်ပါသည်။

## September- 10 (စက်တင်ဘာလ ၁၀)

**ညစ်ညူးသော စကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်။ ကြားနာသော သူတို့၏အကျိုးကိုပြုစုစေခြင်းငှာ တည်ဆောက်စရာဖို့ ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။(ဧ ၃း၂၉)**

ဆိုးညစ်မိုက်မဲသော သူတို့သည် အသိတရား၏နောက်ကွယ်၌ သူတို့ကိုယ်သူတို့ကာကွယ်မှုများရှိလျှက်သမ္မာတရား(အမှန်တရား)ကိုပြောဆိုခွင့်သည် အမြဲတမ်းရှိသည်ဟုကြွေးကြော်ကြပါသည်။သမ္မာတရား(အမှန်တရား)ကို ပြောဆိုခြင်းသည် သူတစ်ပါး၏ဂုဏ်သိက္ခာကို ထိခိုက်ပြောဆိုခြင်းဖြစ်သည်ဟု ဘုရားသခင်မှ ဆိုလိုခြင်းမဖြစ်နိုင်ပါ။သို့သော် ဇာတိနှင့်မာနတ်၏အလုပ်များကဲ့သို့ မကောင်းပြောဆိုခြင်းနှင့် သူတစ်ပါးဂုဏ်သိက္ခာကျအောင်ပြောဆိုခြင်းများကို စီရင်ခြင်း၌မှားသော၊မမှန်သောပြောဆိုခြင်းများကို သူသည်ဆိုလိုခြင်းဖြစ်ပါသည်။မှားသည်ဖြစ်စေမှန်သည်ဖြစ်စေ သူတစ်ပါးကို ဂုဏ်သိက္ခာကိုထိခိုက်အောင် ပြောဆိုခြင်းသည် အလားတူသူတစ်ပါးကိုဂုဏ်သိက္ခာထိခိုက်အောင်ပြောဆိုခြင်းတစ်ခုဖြစ်သည်ကို ဘုရားသခင်၏ပညတ်တော်၌သာမကလူပညတ်တရား၌လည်းကြီးစွာသော အမှားတစ်ခုဖြစ်သည် သတ်မှတ်ထားပါသည်။မှန်သည်ဖြစ်စေ၊မှားသည်ဖြစ်စေအခြားသူအား နာကျင်စေရန်ရည်ရွယ်ချက်နှင့်အတူ ပြောဆိုသောမည့်သည့်အရာမဆို သူတစ်ပါးအားအသေရေပျက်အောင် ပြောဆိုခြင်းဖြစ်ပါသည်။ဤကဲ့သို့အခြားသူတစ်ဦးအား နာကျင်စေခြင်းသည် အမှားဖြစ်သည်ဟု ဘုရားသခင်၏ ပညတ်နှင့်အတူလူတို့၏ပညတ်များသည် သဘောတူညီကြပါသည်။

## September- 11 (စက်တင်ဘာလ ၁၁)

**အကြင်သူသည်မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ (လု ၁၄း၂၇)**

သခင်ဘုရား၏ ကားတိုင်ထမ်းခြင်းတွင် မျက်နှာသာပေးခြင်းမခံရသော အခြေအနေအောက်မှာခမည်းတော်ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်းပါဝင်ပါသည်။ ဘုရားသခင်၏လူများဖြစ်သည်ဟု သူတို့ကိုယ်သူတို့ထင်ကြပြီး၊ သို့သော်သူတို့၏ဖခင်သည် မာနတ်ဖြစ်သည်ဟု သူတို့၏နှလုံးသားများကို ဖတ်နိုင်သောသခင်သည် ကြေညာခဲ့သော သူတို့အားဖြင့် မနာလိုခြင်း၊မုန်းတီးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ညှင်းပန်းနှိပ်စက်ခြင်း စသည်တို့ကို သူ့အပေါ်သို့ ဆောင်ယူလာခဲ့ပါသည်။ ကျွန်ုပ်တို့၏သခင် လျှောက်လှမ်းခဲ့သော ဤလမ်းကျဉ်း၌ကျွန်ုပ်တို့သည် လျှောက်လှမ်းနေသောကြောင့် ကျွန်ုပ်တို့၏ကားတိုင်များသည် သူ၏အမျိုးအစားနှင့်တူညီလိမ့်မည်ဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ ရှိတော်မူသောကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်၏ အလိုတော်ကို ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းအတွက် ဆန့်ကျင်ခြင်းများ၊သူ၏အမှုတော်ကို ကျွန်ုပ်တို့၏ အစေခံခြင်းနှင့် လမ်းပြ သွန်သင်ခဲ့သော ကျွန်ုပ်တို့၏သခင်နှင့်ခေါင်းဆောင်အဖြစ် အလင်းကိုထွန်းလင်းရန် ခွင့်ပြုခြင်းအတွက်ဆန့်ကျင်ခြင်းများကိုကျိုးကြောင်းစီလျော်စွာ မျှော်လင့်နိုင်ပါသည်။

## September- 12 (စက်တင်ဘာလ ၁၂)

**သင်တို့သည် တည်ကြည်သောအားဖြင့် ကယ်တင်ခြင်းသို့ရောက်ကြလော့။ ( လု ၂၁း၁၉)**

"သင်တို့သည်အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည့်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ"ဟု တမန်တော်မှ ရှင်းလင်းပြောဆိုပါသည်။ ထို့ကြောင့် အခြားစရိုက်လက္ခဏာ၏ကျေးဇူးတော်များပါဝင်သော သည်းခံခြင်း (တည်ကြည်ခြင်း)သည် သေချာသောအတိုင်းအတာတစ်ခုအားသူတို့၏ ပိုင်ဆိုင်ခြင်းကို ရည်ညွှန်းပါသည်။ဘုရားသခင်၏ လူတို့အကြားမှ သည်းခံခြင်းသည် ကြိုတင်၍ဖြစ်လာရမည်ဖြစ်ပါသည်။ သည်းခံခြင်း၏ ပမာဏသည် များသောအားဖြင့် ယုံကြည်ခြင်း၏ ပမာဏကိုတိုင်းတာပါသည်။ နောက်ဆုံးတွင် သည်းမခံနိုင်ခြင်း (မတည်ကြည်ခြင်း)နှင့် မပျော်ရွှင်နိုင်ခြင်း၌ သူ့ကိုယ်ကိုမြင်တွေ့သော ခရစ်ယာန်တို့သည် သခင်ဘုရားထံယုံကြည်ခြင်း၌ လိုအပ်လျက်ရှိနေပါသည်။ သို့မဟုတ်လျှင် သခင်ဘုရား၏အဖိုးတန်သော ကတိတော်များနှင့် သူတို့၏ ပြည့်စုံခြင်းကို စောင့်ခြင်း၌သူသည် အနားယူနိုင်လိမ့်မည် ဖြစ်ပါသည်။ ကျိုးကြောင်းစီလျော်သော ဇွဲလုံ့လနှင့် ခွန်အားကို အသုံးပြုပြီးနောက် သူသည် ရလာဒ်များ၊ အချိန်များနှင့်အကြောင်းရင်းများကို သခင်ဘုရားနှင့်အတူ ထားရန် ကျေနပ်ရောင့်ရဲသင့်ပါသည်။

## September- 13 (စက်တင်ဘာလ ၁၃)

**ညီအစ်ကိုတို့သည်သဘောတူလျက် ပေါင်းဖော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။ (ဆာ ၁၃၃ း ၁ )**

ခင်မင်ရင်းနှီးစွာ နှောင်ဖွဲ့မှုများ၌လည်းကောင်း ၊စိတ်သဘောတစ်လုံးတစ်ဝတည်း၌လည်းကောင်း၊ညီအစ်ကိုများအားလုံးတို့နှင့်အတူ သဘောတူလျက်ပေါင်းဖော်ကြရန်နှင့် ကျွန်ုပ်တို့၏သခင်ကဲ့သို့ ရန်ငြိမ်းစေသောသူများဖြစ်ကြရန် ရှာဖွေကြပါစို့။ ကြီးစွာသောရန်သူနှင့်အပြစ်၏ အလုပ်များအားလုံးတို့အား(ကိုယ်အင်္ဂါများ၌ရှိသောသူတို့အပါအဝင်၊ ကျွန်ုပ်တို့၏ကျဆင်းလျက်ရှိသောဇာတိကို) ဆန့်ကျင်ရန် ကျွန်ုပ်တို့၏ တက်ကြွလှုပ်ရှားခြင်းများနှင့်ဆိုင်ပြိုင်တိုက်လှန်ခြင်းများကို အသုံးပြုကြပါစို့။ အထူးသဖြင့်ယုံကြည်ခြင်း အိမ်သူအိမ်သားများနှင့် ကျွန်ုပ်တို့တွင် အခွင့်အလမ်းရှိသည့်အတိုင်း လူအပေါင်းတို့အား ကျေးဇူးပြုလျက်တစ်ယောက်ကို တစ်ယောက်တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့ပိုင်ဆိုင်သော အလွန်ချစ်စရာကောင်းပြီး အကူအညီဖြစ်သော အရည်အချင်းတိုင်းအတွက် ခန့်ထားခြင်းနှင့် သခင်ဘုရားအား ကျေနပ်စေသောနည်းလမ်းများ၌ ကျွန်ုပ်တို့၏ သဘောသဘာဝ၌ ပါဝင်သောအစိတ်အပိုင်းကို တိုက်ခိုက်မှုတိုင်းအတွက် ကျွန်ုပ်တို့နှင့် ညီအစ်ကိုအားလုံးတို့သည် လုံလောက်သောအာမခံခြင်း(ကတိတော်)ကိုတွေ့ရှိကြမည်ဖြစ်ပါသည်။

## September- 14 (စက်တင်ဘာလ ၁၄)

**သာသနာပလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင်ကြသည်အမှုမှာ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌ သင်တို့၏ကောင်းသောအကျင့်ကိုသူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည့်အကြောင်းသူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ကျင့်နေကြလော့။အကြောင်းမူကား ဘုရားသခင်၏မျက်နှာတော်ကိုထောက်၍ မတရားသောညှင်းဆဲခြင်းကို နာကျင်စွာခံရလျှင် ကျေးဇူးရှိ၏။(၁ပေ ၂း၁၂၊ ၁၉)**

ကျွန်ုပ်တို့အား မကောင်းသောသတင်းစကားနှင့် သိက္ခာကျအောင်ပြောဆိုခြင်းများရှိနိုင်ပါသည်။သို့သော်ကျွန်ုပ်တို့အား သိသောသူများအားလုံး၊ ကျွန်ုပ်တို့နှင့်ထိတွေ့မှုရှိသောသူများတို့သည်ကျွန်ုပ်တို့၏နှုတ်မှစကားများထိုနည်းတူ ကျွန်ုပ်တို့နှလုံးသားများမှ ဆင်ခြင်ခြင်းများနှင့်ဘဝ၏ပြုမူလုပ်ဆောင်ခြင်းသည် သခင်ဘုရားအားကျေနပ်စေခြင်းနှင့် ဘုန်းအသရေနှင့်နိုင်ငံတော်ကိုထာဝရပိုင်ဆိုင်သောသူ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ဘုန်းအသရေကိုထင်ရှားစေနိုင်သော သူ၏နာမနှင့်သူ၏ အမှုအရေးအတွက် ဘုန်းအသရေတစ်ခုကို ကျွန်ုပ်တို့၏ကြိုးပမ်းခြင်း၊ အခြေခံနိယာမတရားများအပေါ် ကျွန်ုပ်တို့၏သစ္စာရှိခြင်းအတွေ့အကြုံများမှ တွေ့ရှိသင့်ပါသည်။

## September- 15 (စက်တင်ဘာလ ၁၅)

**ထို့ကြောင့် ထာဝရဘုရားမိန်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြား နေကြလော့။မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ထိုသို့ပြုလျှင် သင်တို့ကိုငါလက်ခံမည်။ (၂ကော ၆း၁၇)**

နှလုံးသားကိုအရေဖျားလှီးပြီး ဘုရားသခင်၏မိသားစုဝင်ထဲသို့ မွေးစားခံခြင်းကိုဝန်ခံကြသောသူတို့ကို သာလျှင် ညီအစ်ကိုအဖြစ် သိမှတ်လျက် ဝိညာဉ်ပိုင်းဆိုင်ရာများ၌ တာဝန်သိစွာလောကမှသီးခြားအသက်ရှင် နေထိုင်ကြသောသူတို့သည် ကျမ်းတတ်ပုဂ္ဂိုလ်များ၊ အလယ်အလတ်လိုက်သူများ မြင့်မားသောအပြစ်တင်ဝေဖန် သူများနှင့်အလင်းကိုမုန်းသောလူထုများအားဖြင့် ဆန့်ကျင်မှုကို သူတို့ကိုယ်တိုင်တွေ့ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် (ဤသီးခြားနေခြင်းသည်) သူတို့၏မှောင်မိုက်ခြင်း (ဩဝါဒပိုင်းဆိုင်ရာ(သို့)ကွဲလွဲမှု) ကို စီရင်သောကြောင့်ဖြစ်ပါသည်။ သို့သော်လည်း ဤသီးခြားနေခြင်းသည် လုပ်ဆောင်ဖို့အကောင်းဆုံးနှင့် စိတ်အချရဆုံးလမ်းကြောင်းတခုတည်းသာလျှင်ဖြစ်ပါသည်။ စစ်မှန်သောက္ကသရေလတို့ကို ညီအစ်ကိုများအဖြစ် သိမှတ်ခြင်းကသာလျှင် (ဗာဗုလုန်မှ) ပို၍ဝေးကွာစေသောအရာဖြစ်ပါသည်။ ဤသို့အားဖြင့် ဂျုံစပါးအား အဖျင်းမှသီးခြားရှိစေပါသည်။

## September- 16 (စက်တင်ဘာလ ၁၆)

**ထာဝရဘုရားသည် မိမိလူစုကို ခိုင်ခံစေတော်မူမည်။ ထာဝရဘုရားသည် မိမိလူစုအား ငြိမ်းသက်ခြင်း ကောင်းကြီးမင်္ဂလာကိုပေးတော်မူမည်။ (ဆာ ၂၉း၁၁)**

သင်၏သည်းခံခြင်း၊ သင်၏အတွေ့အကြုံ၊ သင်၏ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာ၊ သင်၏စာနာနားလည် ခြင်းနှင့် ချစ်ခြင်းမေတ္တာ စသောစရိုက်လက္ခဏာ၌ ဖွံ့ဖြိုးတိုးတက်စေပြီး အောင်မြင်ရန် သင်တတ်စွမ်းနိုင်သော စစ်ဆေးခြင်းများနှင့် စုံစမ်းနှောက်ယှက်ခြင်းများ သင်၌ရှိသည်ဆိုလျှင် ဝမ်းမြောက်လျက်ကျေးဇူးတော်ချီးမွမ်းကာ ဘုရားသခင်၏ကရုဏာနှင့်ကူညီမစမှုကိုနားလည်သိမှတ်ပါ။အကယ်၍သင်၏စစ်ဆေး စစ်ကြောခြင်းများသည် သင်ခံနိုင်သောအတိုင်းအတာထက် ပို၍လေးလံပြီး သင့်ကိုခြေမှုန်းသကဲ့သို့ ထင်မြင်ရသော် ကြီးမြတ်သော ဝန်သယ်ပိုးသူထံသို့ ဤအမှုအရာကိုယူဆောင်လျက် သင်အတွက်ကောင်းသောအရာဖြစ်မည့် ဘယ်အရာမဆို လုပ်ဆောင်ပေးရန်နှင့် သင့်အတွက်မကောင်းသောအရာဖြစ်လိမ့်မည့် သင့်ကိုနာကျင်စေမည်ဖြစ်သောအရာအား လုံးမှ ကယ်လွှတ်ရန် သူ၏အကူအညီကိုတောင်းခံရန်ဖြစ်ပါသည်။

## September- 17 (စက်တင်ဘာလ ၁၇)

**ထိုစည်းစိမ်ကား ဘုန်းအသရေကို မြော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း။ (ကော ၁း၂၇)**

ဘုရားသခင်၏စစ်မှန်သော သားသမီးတိုင်းတို့သည် ၎င်းတို့၏ပြုမူနေထိုင်သည့်ပုံစံအတွက် အခြားမည်သည့်ခရစ်ယာန်တို့၏ဝိညာဉ်ပိုင်းဆိုင်ရာအသက်တာအပေါ်တွင် မှီခိုခြင်းမရှိသော သိသာထင်ရှားသည့်တစ်ဦးချင်းစီနှင့်ဆိုင်သော ခရစ်ယာန်စရိုက်လက္ခဏာတခုရှိကြရမည်။ နုတ်ကပတ်တော်မှ၎င်း၊ အခြားခရစ်ယာန်များအားဖြင့် ဟောပြောကြေငြာခြင်းနှင့် နမူနာများမှ၎င်း၊ သူ၏ကိုယ်ပိုင်အတွက် ဝိညာဉ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်သီးသန့်စရိုက်လက္ခဏာသည် ပြည့်စုံ၍ပြောင်းလဲရန် အလားအလာမရှိသောအရာဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့အား ဦးစွာရှင်သန်စေခဲ့လျက် စရိုက်လက္ခဏာ၏ပြည့်စုံခြင်းသို့ ကျွန်ုပ်တို့အားပို့ဆောင်ပေးခဲ့သော ချစ်လှစွာသော ညီအစ်ကိုညီအစ်မများ၏ ဝိညာဉ်ပိုင်းဆိုင်ရာ ဘဝအသက်တာပင်လျှင် ရွေ့လျားခဲ့ကြပါသည်။(နောက်တဖန်နောင်တရအံ့သောငှာ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြဟု -ရှင်ပေါလုပြသခဲ့ပါသည်။ ဟေဗြဲ ၆း၄-၆ ၊ ဂ ၁း၈) ကျွန်ုပ်တို့သည် ယခုထိတိုင်အသက်ရှင်လျက်ရှိကြပြီး သမ္မာတရား၏သွန်သင်ချက်ကို ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ရာထားနိုင်ခြင်းရှိကြပါသည်။

## September- 18 (စက်တင်ဘာလ ၁၈)

**ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်ဟု မိန့်တော်မူ၏။ (ထွက် ၃၃း၁၄)**

ဘုရားသခင်သည် သူ၏လူတို့နှင့်အတူ အမြဲတမ်းရှိပါသည်။ သူသည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ အမြဲတမ်းစဉ်းစားနေပါသည်။ ကျွန်ုပ်တို့၏စိတ်ဝင်စားခြင်းများအတွက် အမြဲတမ်းကြည့်ရှုနေပါသည်။ တဒင်္ဂဆိုင်ရာအရာများနှင့် ဝိညာဉ်ပိုင်းဆိုင်ရာအရာများ၌ ကျွန်ုပ်တို့အတွက် ကူညီမစပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏နှလုံးသားများကို ဖတ်လျက် သူအားကြီးမားသော ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဆန္ဒကိုဖြစ်ပေါ်စေရန်ပြုလုပ်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့အားလေ့ကျင့်ပေးခြင်းနှင့် စင်ကြယ်စေခြင်းအတွက် ကျွန်ုပ်၏ပတ်ပတ်လည်၌ သက်ရောက်မှုများကို ပုံသဏ္ဍာန်အတိအကျဖြစ်စေပြီး သူနှင့်အတူ မိတ်သာဟာရဖွဲ့ခြင်း (သို့) စာနာနားလည်ခြင်း (သို့) အကူအညီအတွက် ကျွန်ုပ်တို့၏အလွန်တိုးညှင်းသောခေါ်သံကိုနားထောင်နေပါသည်။ သူသည် စောင့်ထိန်းကွယ်ကာခြင်းမှ တခနမျှလစ်ဟင်းခြင်း ဘယ်တော့မှမရှိပါ။ အလုပ်ရှုပ်သောနေ့လည်အချိန်နာရီများ၌ခေါ်သည်ဖြစ်စေ၊ တိတ်ဆိတ်သော ညအချိန်နာရီများ၌ခေါ်သည်ဖြစ်စေ - သူ၏စောင့်ထိန်းကွယ်ကာခြင်းသည် ဘယ်တော့မှမရပ်စဲပါ။ ဤကဲ့သို့သောတည်မြဲသည့် သစ္စာရှိခြင်းကို နားလည်ခြင်းသည် မည်မျှလောက်မင်္ဂလာရှိသည်မဟုတ်ပါလော!။ ဤမွေးစားခြင်းနှင့်ဆိုင်သော ဤသက်သေမရှိသည့် ဘုရားသခင်၏စစ်မှန်သော သားသမီးမရှိပါ။

## September- 19 (စက်တင်ဘာလ ၁၉)

**ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါသည်။ (ယော ၁၇ း၁၇)**

သမ္မာတရားကို ကျွန်ုပ်တို့၏လက်ခံခြင်းနှင့်နာခံခြင်းနှင့်အတူ ကျွန်ုပ်တို့၏ ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားတိုးတက်ခြင်းကို ကျွန်ုပ်တို့၏သခင်သည် အမြဲတမ်းဆက်စပ်ပေးပါသည်။ခရစ်တော်(သို့)သန့်ရှင်းသောဝိညာဉ်တော်သည် ခေတ်ရေ့ပြေးနေသော တိုးတက်နေသော ခရစ်ယာန်များကို နှုတ်ကပတ်တော်အားလွတ်လပ်စွာ ပြောဆိုပြီး နှုတ်ကပတ်တော်၏ တိုးတက်ခြင်း၌ရှိသည်ဟု အခိုင်အမာပြောဆိုသော သွန်သင်ခြင်းကို ဘုရားသခင်၏ စစ်မှန်သော သားသမီးတို့သည် သတိပြုသင့်ကြပါသည်။ ၎င်းသည် မာနနှင့် ဝါကြွားထောင်လွှားခြင်းကို တိုးတက်စေပြီး အလွန်မြင့်မြတ်သော သမ္မာကျမ်းစာ၏ သတိပေးခြင်းနှင့် ကန့်ကွက်ခြင်းများကို တန်ခိုးမဲ့အောင် ဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် လှည့်ဖြားခြင်းခံရသော သူတို့သည် သူတို့အထဲ၌ မြင့်မားသော ဆရားတစ်ဦးရှိသည်ဟု ထင်ကြသောကြောင့် ဖြစ်ပါသည်။ ထိုအခါ စာတန်သည် ဤလှည့်ဖြားခြင်း၏ အကျိုးအမြတ်ကို ရရှိလျက် သူတို့အား သူ၏အလိုထဲသို့ ဦးဆောင်ပါသည်။

## September- 20(စက်တင်ဘာလ ၂၀)

**အကြောင်းမူကား သန့်ရှင်းခြင်းနာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊ နှလုံးကြေကွဲသောသူတို့၏ စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါကြေကွဲနှိမ့်ချသောစိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။ (ဟေရှာ ၅၇း၁၅)**

ဘုရားသခင်သည် နှလုံးကြေကွဲသောသူကိုဘယ်တော့မှ အထင်အမြင်သေးခြင်းမရှိပါ။ ဘယ်တော့မှစွန့်ပစ်လိမ့်မည်မဟုတ်ဟု စိတ်နှလုံးထဲ၌ အမြဲတမ်းမှတ်ကျုံးကြပါစို့။ ထို့ကြောင့် အသစ်သောသတ္တဝါနှင့်ဆိုင်သော ဘုရားသခင်၏လူ မည်သူမဆိုပြဿနာတခုခုထဲသို့ လဲပြိုလုလုဖြစ်နိုင်ပါသည်။ သူတို့သည် ဘုရားသခင်၏ မိတ်သဟာရဖွဲ့ခြင်းနှင့် ခွင့်လွှတ်ခြင်းအတွက် ဆာငတ်တောင့်တလျက်ရှိသည်ကို သူတို့ကိုယ်သူတို့ တွေမြင်ခဲ့သော်၎င်း၊ သူတို့၏ နှလုံးသားများသည် ကြေကွဲလျက်ရှိသည်ကို သူတို့တွေ့မြင်ခဲ့သော် သူတို့အား အထင်အမြင်မသေးပါနှင့်။ သို့သော်ယေရှုခရစ်အားဖြင့် သူ၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် "သူ့" ထံသို့လာသော သူအားလုံးတို့အား အပြစ်အားလုံးမှလွှတ်၍ လက်ခံရန် သူ အားတတ်စွမ်းနိုင်သော ခရစ်တော်၏ ရွေးနှုတ်ကျေးဇူးပြုခြင်းအားဖြင့် ဘုရားသခင်သည် ပြင်ဆင်ပေးခဲ့တော်မူသည်ကို အောက်မေ့သတိရ ရန်ဖြစ်ပါသည်။ သူတို့၏ အပြစ်နှင့်ပတ်သက်၍ နှလုံးကြေကွဲလျက် ရှိကြသော သူတို့သည် "သေပြစ်ထိုက်သောအပြစ်" ကို သူတို့သည် မကျူးလွန်ခဲ့ကြသည်ကို သိနိုင်ပါသည်။ အကြောင်းမူကား သေပြစ်သင့်သောအပြစ်ကို ကူးလွန်ခဲ့ကြသော မည်သူမဆို "နောက်တဖန် နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်း သို့မရောက်နိုင်ကြ" ဟု တမန်တော်ရှင်ပေါလုပြောခဲ့သည့် အတိုင်းသူတို့၏ နှလုံးသားအခြေအနေသည် ဤအရာကို သက်သေပြသောကြောင့် ဖြစ်ပါသည်။

## September- 21(စက်တင်ဘာလ ၂၁)

**အကယ်၍သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ (ဆာ ၂၃း၄)**

ဘုရားသခင်၏ ကျေးဇူးဂရုဏာတော်ကြောင့် သိုးစုငယ်၏ သိုးတို့သည် ဘေးအန္တရာယ်ကို မကြောက်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် သူတို့နှင့်အတူရှိပြီး သူတို့ဘက်၌ရှိသောကြောင့် ဖြစ်ပါသည်။ထို့အပြင် သူပေးခဲ့တော်မူသော ရွေးနုတ်ခြင်း အဖိုးအခ၌ သူ၏ကျေးဇူးဂရုဏာကို ပြသခဲ့တော်မူသောကြောင့် ဖြစ်ပါသည်။ သေခြင်းသည် အသက်ဆုံးခြင်းကို ဆိုလိုခြင်းမဟုတ်ဘဲ ရှင်ပြန်ထမြောက်ထိ တိုင်ရုံမျှသာဖြစ်ပြီး ခရစ်တော်၌အနှောက်အယှက်မရှိဘဲ အိပ်ပျော်ခြင်းတခုဟု သူ၏ အာမခံချက်၌လည်း (သို့) ဂတိတော်နှင့်ဆိုင်သော သူ၏နုတ်ကပတ်တော်၌လည်း သူသည် သူတို့နှင့်အတူရှိပါသည်။ ကျွန်ုပ်တို့၏ချစ်လှစွာသော ရွေးနုတ်သူနှင့်အတူ အတူတကွ အမွေခံရန် ကျွန်ုပ်တို့အား ခေါ်တော်မူလျက်၊ သူ၏အလွန်မြတ်သော အသွေးတော်အားဖြင့် ရွေးဝယ်တော်မူပြီး ကျွန်ုပ်တို့အား ချစ်တော်မူသော သူ၏ကြီးမြတ်သော သန့်ရှင်းသော နာမတော်ကို ချီးမြောက်ရန်၊ ချီးမွမ်းထောပနာပြုရန်အတွက် သူတို့အတွင်းထဲ၌ ရှိသောအရာအားလုံးနှင့်အတူ သူတို့၏စိတ်ဝိညာဉ်များပေါ်မှခေါ်လျက် သူတို့၏နှလုံးသားများ၌ သခင်ဘုရားထံ သီချင်းဆိုချီးမွမ်းကာ သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်တလျောက် သူတို့သည်လျောက်လှမ်းနိုင်ကြသည်မှာ မည်မျှအံ့သြစရာကောင်းသည်မဟုတ်ပါလော့ !။

## September- 22(စက်တင်ဘာလ ၂၂)

**အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာကို တသက်လုံးခံစား၍ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည် ။ (ဆာ ၂၃း၆)**

ကုလားကာ၏အခြားတဘက်၌ ကျွန်ုပ်တို့ မြော်လင့်ထားသော ကျေးဇူးနှင့် ကရုဏာ၏အစအဦးသည် ဤအရပ်မှာ ကြိုတင်၍ရှိပြီး အသိအမှတ်ပြုရန် ဖြစ်ပါသည် ။ ယခုလက်ရှိမျက်မှောက်ကာလ၌ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းကို လုံးဝမသိသော မည်သူမဆိုသည် နှစ်၁၀၀၀ ကာလအတောအတွင်းမည်သို့သောကောင်းကြီးမင်္ဂလာများ ဝမ်းမြောက်ခြင်းများရရှိနိုင်စေကာမူ နိုင်ငံတော်၌ သခင်ဘုရားနှင့်စပ်ဆိုင်သော ဝမ်းမြောက်ခြင်းများအတွက် ထင်ရှားစွာပြင်ဆင်ခြင်းခံရလိမ့်မည်မဟုတ်ပါ။

သခင်ဘုရားအား သူတို့၏ ပထမဆုံး လက်ခံခြင်းနှင့် သူထံ သူတို့ကိုယ်ကို သူတို့ဆက်ကပ်အပ်နှံခြင်းနှင့် အတူ ဆက်နွယ်ခဲ့သော တဒင်္ဂ အမှုအရာတခုမဟုတ်ဘဲ သစ္စာရှိသောသူတို့အတွက် အပ်နှင်းထားသော ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းရှိပါသည်။ ဘုရားသခင်၏ ကျေးဇူးပြုခြင်းနှင့် ကရုဏာတော်သည် ဝေးကွာသော အတိတ်မှအရာတခုကို နောက်ပြန်လှည့်ကြည့်ဖို့မဟုတ်ပါ။ ယခုမျက်မှောက်နှင့် ဆိုင်သော အရာတခုအဖြစ်နားလည်သိမှတ်ရန် ဖြစ်ပါသည်။ တရက်ပြီးတရက် ဘုရားသခင်၏ကျေးဇူးပြုခြင်းနှင့် ကရုဏာသည် ကျွန်ုပ်တို့ နောက်သို့ လိုက်လျက် ကျွန်ုပ်တို့အား လန်းဆန်းစေပါသည်။ ကျွန်ုပ်တို့အား သန်စွမ်းစေပါသည်။ ကျွန်ုပ်တို့အား ကောင်းကြီးပေးပါသည်။

## September- 23(စက်တင်ဘာလ ၂၃)

**သန့်ရှင်းသူတို့၌ အထက်က အပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍တိုက်လှန်စေခြင်းငှါ နှိုးဆော်သွေးဆောင်၍ ရေးလိုက်ရသောအကြောင်းရှိ၏။ (ယုဒ ၁း၃)**

ယုံကြည်ခြင်းတရားဘက်၌ ကျွန်ုပ်တို့၏ကောင်းသောတိုက်လှန်ခြင်းသည် ဘုရားသခင်၏ နုတ်ကပတ်တော်အား ကျွန်ုပ်တို့၏ ခုခံကာကွယ်ခြင်း၌ များစွာသောအတိုင်းအတာတခု၌ ပဓာနကျပါသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါအား ခုခံကာကွယ်ခြင်းလည်း ပါဝင်ပါသည်။ မည်ကဲ့သို့ အဖိုးအခ၌ဖြစ်စေ တိုက်ခိုက်သူတို့၏ အရေးအတွက် မည်မျှလောက်ရှိနေပါစေ၊ သခင်ယေရှုနှင့် တမန်တော်တို့မှ ဟောပြောခဲ့သော လူအပေါင်းအတွက်ဖြစ်လိမ့်မည့် ကြီးစွာသော ဝမ်းမြောက်ဘွယ်ရာ သတင်းကောင်းကို နားလည်လွဲစေသော လူတို့၏ဆန့်ကျင်သော အယူဝါဒများနှင့် သီအိုရီများ မည်မျှရှိနေပါစေ သမ္မာတရားအတွက် ရပ်တည်ရန် ကျွန်ုပ်တို့၏အလိုဆန္ဒရှိခြင်းကို ဆိုလိုပါသည်။ သမ္မာတရားကို ခုခံကာကွယ်ဖို့ရန်အတွက် ငါကို ထားထားသည်ဟု တမန်တော်မှ ထပ်မံပြောဆိုပါသည်။ ကျွန်ုပ်တို့သည် သမ္မာတရားအား ခုခံကာကွယ်ခြင်းကိုတော့ လုပ်နိုင်ပါသည်။ သမ္မာတရားသည် ဘုရားသခင်၏ ကိုယ်စားလှယ်ဖြစ်ပါသည်။ ခရစ်တော်၏ ကိုယ်စားလှယ်ဖြစ်ပြီး ကျွန်ုပ်တို့၏ "စံ" လည်းဖြစ်ပါသည်။ စစ်မှန်သော စစ်သူရဲများအဖြစ် ကျွန်ုပ်တို့သည် သေထိတိုင်အောင် ကျွန်ုပ်တို့၏ "စံ" ကိုခုခံကာကွယ်ကြရမည် ဖြစ်ပါသည်။

## September- 24(စက်တင်ဘာလ ၂၄)

**သူတပါးကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည်အကြောင်း ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏။**

**(၁ ကော ၉း၂၇)**

ထင်မှတ်ထားခြင်းခံရသော သေခြင်း၏ အခြေအနေမှနိုးထရန် ကိုယ်ခန္ဓာနှင့် ဇာတိအတွက် အလားအလာတခုရှိပါသည်။ထို့ကြောင့် အသစ်သောသတ္တဝါသည် ၎င်း၏အထက်စီးရမှုကို ထိန်းသိမ်းရန် အတွက်သော်၎င်း၊ အောင်မြင်သော သူတဦးအဖြစ် ဆုကို ရရှိရန်နှင့် ယုံကြည်ခြင်းနှင့် ဆိုင်သော ကောင်းသော တိုက်လှန်ခြင်းကိုပြုရန် အဆက်မပြတ် နိုးနိုးကြားကြားရှိရန်လိုအပ်ပါသည်။ ဇာတိကို ဆန့်ကျင်လျက် အသစ်သောစိတ်သဘော၏ ဤတိုက်ပွဲများသည် ကျဆင်းလျက်ရှိသော သဘောသဘာဝမှ ပိုင်ဆိုင်ထားသော အပြစ်နှင့်အားနည်းချက်များကို သူတို့သည် ဆန့်ကျင်တိုက်လှန်နေခြင်း သဘော၌ ကောင်းသော တိုက်လှန်ခြင်းတခုဖြစ်ပါသည်။ "ကျွန်ုပ်တို့သည် မျက်မှောက်မမြင်ဘဲ ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းကြမည်ဟု" တမန်တော်များမှ ပြောဆိုကြသည့်အတိုင်း အသစ်သောသတ္တဝါ၏ လမ်းကြောင်းတခုလုံးသည် ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောလမ်းကြောင်းတခုဖြစ်သည်ဟူသော သဘော၌ ယုံကြည်ခြင်းတိုက်ပွဲတခုဖြစ်ပါသည်။ သူ၏အကူအညီအဖြစ် သခင်ဘုရား၌သော်၎င်း၊ ဂတိတော်များ၌သော်လည်းကောင်း သူသည် ယုံကြည်ခြင်း၌ ကျင်လည်လုပ်ဆောင်ခြင်းမှတပါး မိမိ၏ ဇာတိနှင့် ၎င်း၏ သဘောသဘာဝများနှင့် အလိုဆန္ဒများကို ဆန့်ကျင်သော ဤ တိုက်ပွဲကို မည်သူမှ ထိန်းသိမ်းနိုင်မည် မဟုတ်သော သဘော၌ ယုံကြည်ခြင်း တိုက်ပွဲတခုဖြစ်ပါသည်။

## September- 25(စက်တင်ဘာလ ၂၅)

**ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏၊ ထိုသခင်မူကား ဘုရားသခင်စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊သန့်ရှင်းခြင်း၊ရွေးနုတ်ခြင်းဖြစ်တော်မူ၏။**

**(၁ ကော ၁ း ၃၀)**

ကျွန်ုပ်တို့အား ရွေးနုတ်သောသူ(သို့) သူ၏အသက်ကို ယဇ်ပူဇော်ခြင်းနှင့်အတူ ကျွန်ုပ်တို့အား ရွေးဝယ်ခဲ့တော်မူသောသူသည် ကျွန်ုပ်တို့၏ ကျဆင်းလျက်ရှိနေသော အခြေအနေနှင့် သူကိုယ်တိုင် ကျွန်ုပ်တို့၏ အကူအညီအဖြစ်မြင်ရန် ကျွန်ုပ်တို့၏ ပရောဖက် (သို့) ဆရာအဖြစ် သူ၏ဧဝံဂေလိအားဖြင့် ပညာကို ကျွန်ုပ်တို့အားပေးပါသည်။ ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်အဖြစ် သူသည် ကျွန်ုပ်တို့အား ဦးစွာဖြောင့်မတ်စေပါသည်ပြီးနောက် သူ၏အောက် ယဇ်ပရောဟိတ်များအဖြစ် ကျွန်ုပ်တို့အား သန့်ရှင်းစေပါသည်။(သို့) ဆက်ကပ်အပ်နှံစေပါသည်။ နောက်ဆုံးတွင် ရှင်ဘုရင်အဖြစ်သူသည် သစ္စာရှိသောသူတို့ကို အပြစ်နှင့်သေခြင်း၏ အုပ်စိုးခြင်းမှ ဘုန်းအသရေနှင့် ဘုရားသခင်နှင့်ဆိုင်သော မဖောက်ပြန် မပျက်စီးနိုင်သည် ဘုရားပကတိသို့ ပြည့်ဝစွာ လွှတ်မြောက်စေမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့အား လဲသေခြင်းမှထမြောက်စေမည် ဖြစ်သောကြောင့်ဖြစ်ပါသည်။

ဟာလေလုယ- မည်မျှလောက်ကြီးမြတ်သည် ကယ်တင်ရှင်တဦးဖြစ်သည် မဟုတ်ပါလော သူအားဖြင့်ဘုရားသခင်ထံတော်သို့ လာသောသူအားလုံးကို ကယ်တင်ရန် သူသည်တတ်စွမ်းနိုင်ပြီး အလိုဆန္ဒရှိတော်မူသော သူဖြစ်ပါသည်။

## September- 26(စက်တင်ဘာလ ၂၆)

**အဘယ်သို့နည်းဟူမူကား တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်ပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား ယေရှုခရစ်ဖြစ်သတည်း၊ ထိုကျောက်နှင့်တတိုက်လုံးသည်စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရားအဘို့အလိုငှါ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏။ ထိုဗိမာန်တော်၌လည်း ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလိုငှါ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက်ရှိကြ၏။ (ဧ ၂း၂၀း-၂၂)**

တနေ့ပြီးတနေ့ ကုန်လွန်လျက်ရှိသည်အတိုင်း ဤဗိမာန်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ဆက်နွယ်မှုအပိုင်း(၃)ပိုင်းကို အောက်မေ့သတိရကြပါစို့။ (၁)အသက်ရှင်သော ကျောက်များအဖြစ် ပြင်ဆင်ခြင်းနှင့်ဆိုင်သော ဖြစ်စဉ်၌ ကျွန်ုပ်တို့သည် ယခုထိတိုင်ရှိနေကြပါသည်။ (၂)ပဋိညာဉ်သေတ္တာအား သယ်ဆောင်လျက် မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်တို့၏ သင်းဝင်များကဲ့သို့ ကျွန်ုပ်တို့သည် တဲတော်မှ ဗိမာန်တော်အခြေအနေထဲသို့ ချီတက်နေကြပါသည်။ ကျွန်ုပ်တို့မှ အချို့သောအရေအတွက်တို့သည် ဝင်ရောက်ခဲ့ကြပြီဖြစ်ပြီး အချို့တို့မှာ ယခုထိတိုင်လမ်းမှာရှိနေကြပါသေးသည်။ (၃)ဘုရားသခင်၏ လူတို့အဖြစ် ဘုရားသခင်၏ မေတ္တာကရုဏာတရားသဖြင့်စီရင်ခြင်း၊ သမ္မာတရားနှင့်စပ်ဆိုင်သော အသစ်သောသီချင်းကို နားလည်လျက် စိတ်ဝိညာဉ်နှင့်တကွ သီဆိုရန်အချိန်သည် ကျွန်ုပ်တို့အတွက်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အပိုင်းများကို ပြီးပြည့်စုံစေလျက် ဤရှုထောင့်တခုစီတိုင်း၌ သစ္စာရှိကြပါစို့။

## September- 27 (စက်တင်ဘာလ ၂၇)

**ယေရှုကလည်း သင်၏ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့်တော်မူ၏။ (မ ၄း၇)**

စုံစမ်းနှောက်ယှက်ခြင်းတို့သည် ဘုရားသခင်၏ လူတိုင်းအား အဆက်မပြတ် ထိုးနက်လျက်ရှိပါသည်။ သခင်ယေရှု၏ နာမ၌ အံ့သြဘွယ်ရာ အလုပ်အချို့တို့ကို လုပ်ဆောင်ရန်နှင့် သူတို့သည် ကောင်းကင်ဘုံ၏ မျက်နှာသာပေးခြင်းခံရကြသော သူများဖြစ်ကြသည်ဟု သူတို့ကိုယ်သူတို့အတွက်၎င်း၊ အခြားသူတို့အတွက်၎င်း ၊သက်သေပြရန် အကြံပေးခြင်းများအားဖြင့် ထိုးနက်လျက်ရှိပါသည်။ ကျွန်ုပ်တို့အတွက် လေ့လာရန် သင်ခန်းစာမှာ ခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်တို့အား လုပ်ဆောင်ဖို့ရန် ပေးခဲ့တော်မူသော အလုပ်သည် လောကကို ပြောင်းလဲခြင်းအတွက် အလုပ်တခုမဟုတ်ပါ။ ကျွန်ုပ်တို့နှင့်စပ်လျဉ်း၍ သူ၏ကျေးဇူးပြုခြင်းနှင့် သူ၌ ကျွန်ုပ်တို့၏ ကြီးမြတ်ခြင်းကို ပြသခြင်းအတွက် အလုပ်တခုမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ၊နှိမ့်ချစွာ နေသင့်ကြပါသည်။ အကျိုးနှင့်အကြောင်းစီလျော်စွာဖြင့် အကျိုးရှိနိုင်သမျှအတိုင်း အံ့သြဘွယ်ရာ အလုပ်များ လုပ်ဆောင်ရန် ဆန္ဒရှိခြင်းမှ ကျိုးကြောင်းစီလျော်သော အစေခံများ(သို့) သမ္မာတရား၏ အမှုဆောင်များ၏ အရိုက်အရာသို့၎င်း၊ မှောက်မိုက်မှ သူ၏အံ့ဘွယ်သော အလင်းထဲသို့ ကျွန်ုပ်တို့အား ခေါ်သွင်းတော်မူခဲ့သော သူ၏ဂုဏ်ကျေးဇူးတော်ကို ဖော်ပြရန်အတွက် ကျွန်ုပ်တို့၏ အလင်းများကိုထွန်းလင်းကြပါစို့။

## September- 28(စက်တင်ဘာလ ၂၈)

**သင်တို့၏ ရန်သူတည်းဟူသော မာနတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက် ရှိ၏ သို့ဖြစ်၍ လူ့ပြည်အရပ်ရပ်တို့၌ ရှိသော သင်တို့ညီအစ်ကိုများတို့သည် ထိုသို့သော ဆင်းရဲကိုခံရကြသည်ဟု သိမှတ်လျက် ယုံကြည်ခြင်း၌ တည်၍ မာနတ်ကိုဆီးတားကြလော့။ (၁ ပေ ၅း၈-၉)**

ကျွန်ုပ်တို့သည် အသွေးအသားအားဖြင့်သာမက မြင့်မားသော တန်ခိုးအာဏာ၏ အရိုက်အရာများ၌ နတ်ဆိုးများ၊ အာဏာစက်များ၊ တန်ခိုးများနှင့်အတူ ဆိုင်ပြိုင်တိုက်လှန်နေသည်ဟု ကျွန်ုပ်တို့အား စာတန်၏ ဆန့်ကျင်ခြင်းနှင့် စပ်ဆိုင်သော ဤအတွေးသည် ကျွန်ုပ်တို့အား ထိန့်လန့်တုန်လှုပ်စေလိမ့်မည်ဖြစ်ပြီး တဖက်တွင်လည်းပြည့်စုံသော ခုခံခြင်းအားဖြင့် အခြားမမြင်ရသော တန်ခိုးများဖြင့် ကျွန်ုပ်တို့သည် ကြီးစွာသောအကူအညီများနှင့် မစမှုများကို ရရှိကြသည်ကို မသိရှိနားမလည်ရန် ပြုလုပ်ခဲ့ပါသည်။ စုံစမ်းနှောက်ယှက်ခြင်းအား ကျွန်ုပ်တို့၏ ပြည့်စုံသောခုခံခြင်း၊ သခင်ဘုရားနှင့် သူ၏အမှုကိစ္စအတွက် ပြည့်စုံသောရပ်တည်ခြင်းအချိန်မှစ၍ ကျွန်ုပ်တို့သည် သခင်ဘုရား၌သော်၎င်း၊ သူ၏တတ်စွမ်းနိုင်သော တန်ခိုးတော်၌၎င်း သန်စွမ်းလာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား ဆန့်ကျင်သောအရာအားလုံးထက် ကျွန်ုပ်တို့ဘက်တွင် ရှိတော်မူသောသူသည်သာ၍ ကြီးမြတ်ပါသည်။

အမှားကိုမြင်ပြီးနောက်တုံ့ဆိုင်းနေခြင်းသည် စုံစမ်းနှောက်ယှက်ခြင်း၏ တန်ခိုးကိုတိုးပွားစေပါသည်။

## September- 29 (စက်တင်ဘာလ ၂၉)

**မာနကြီးသော သူအပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ (သု ၁၆း၅)**

မာန၏ ဦးဆောင်မှုအောက်မှ လောကီဆိုင်ရာစိတ်သဘော၏ အောင်မြင်ခြင်းသည် အသစ်သောသတ္တဝါ၏ အလွန်ဆိုးဝါးသော မနှစ်မြို့ဘွယ်ရာများထဲမှ တခုဖြစ်ပါသည်။ လောကီဆိုင်ရာ မာနသည် ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် သူ့အားနာခံခြင်းတို့ကို စိန်ခေါ်ပါသည်။ ဘုရားသခင်၌ ယုံကြည်စိတ်ချမှုအပြည့်အဝနှင့် ကောင်းသော ရဲရင့်ခြင်းရှိကြသော သူတို့သာလျှင် ဤအလွန်ကြီးမား၍ ခွန်အားကောင်းသူကို အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အောင်မြင်ခြင်းကိုလည်း ပြည့်စုံအောင်ပြုလုပ်သင့်ပါသည်။ ထိုမာနအား လုံးဝနှိမ့်ချသင့်ပါသည်၊ သတ်သင့်ပါသည် သို့မှသာ ကျွန်ုပ်တို့အား ဖျက်စီးရန်၎င်းသည် ဘယ်တော့မှတဖန်ပြန်ပေါ်လာတော့မည်မဟုတ်ပါ၊ တဦးချင်းစီနှင့်ဆိုင်သော တိုက်ပွဲတခုဖြစ်ပါသည်၊ ဤ အလွန်ကြီးမား၍ ခွန်အားကောင်းသူကို ဆန့်ကျင်ရန် တခုတည်းသော သင့်လျော်သည့် လက်နက်တပ်ဆင်ခြင်းသည် သူ၏ အမြင်၌ နှစ်သက်လက်ခံဘွယ်သော အရာသည် အဘယ်အရာ ဖြစ်သည်ကို ကျွန်ုပ်တို့အား ဖော်ပြသော၊ ကိုယ့်ကိုကိုယ် နှိမ့်ချသော သူသည် ချီးမြောက်ခြင်းခံရမည်ဖြစ်ပြီး ကိုယ့်ကိုကိုယ် ချီးမြောက်သောသူသည် နှိမ့်ချခြင်းကိုခံရမည်ဟု ကျွန်ုပ်တို့အားစိတ်ချစေသော ဘုရားသခင်၏ သတင်းစကား စမ်းချောင်းငယ်မှ ကျောက်ခဲလေးတတုံးဖြစ်ပါသည်။ "ဝါကြွားထောင်လွှားခြင်း ဆုံးသောနေရာသည် စစ်မှန်သော ဂုဏ်သိက္ခာ စတင်သော နေရာဖြစ်ပါသည်"ဟု ကဗျာတပုဒ်၌ ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။

## September- 30 (စက်တင်ဘာလ ၃၀)

**ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ငါတို့ကို အနိုင်အထက် သွေးဆောင်တော်မူ၏။(၂ကော ၅း၁၄)**

ချစ်ခြင်းမေတ္တာကိုက ဖော်ပြရန် မဖြစ်နိုင်ဟန်ရှိပြီး ကျွန်ုပ်တို့၏အကောင်းဆုံး လုပ်ဆောင်နိုင်သည့်အရာမှာ ၄င်း၏လုပ်ဆောင်မှု (အပြုအမူ)ကို ဖော်ပြရန်ဖြစ်ပါသည်။ ဤထူးခြားသော ဝိသေသများနှင့်အတူ ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်သောသူတို့သည် ဤအချက်ကို အသိအမှတ်ပြုနိုင်ကြပါသည်။ သို့သော်၄င်းအား ရှင်းပြရန် မဖြစ်နိုင်ပါ။ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာဖြစ်ပြီး နှလုံးသားထဲ၌၄င်း၊ အပြောအဆို၌၄င်း၊ ပြုမူလုပ်ဆောင်မှုများ၌၄င်း၊ တွေးတောစဉ်းစားခြင်းများ၌၄င်း - လူ့အရည်အသွေး အားလုံးတို့ကို ကြီးကြပ်လျက်၊ အပြည့်အဝ ထိန်းချုပ်ရန် ရှာဖွေလျက်ရှိပါသည်။ တပည့်တော်များ (သို့) ခရစ်တော်၏တပည့်များအဖြစ် ကျွန်ုပ်တို့သည် သူ၏ကျောင်း၌ရှိကြပြီး တနေ့ပြီးတနေ့ သူသည် ကျွန်ုပ်တို့အား သွန်သင်နေသော သင်ခန်းစာနှင့် အမျိုးမျိုးသော ကြန်အင်လက္ခဏာများ၊ မမျှော်လင့်ထားသောရလဒ်များ ရှုပ်ထွေးမှုအားလုံး၌ ကျွန်ုပ်တို့သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သောဆု၏ အမှတ်လက္ခဏာကို ရရှိချင်သည်ဆိုလျှင် ကျွန်ုပ်တို့ တလျောက်လုံး လေ့လာကြရမည်ဖြစ်သော သင်ခန်းစာသည် ချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သော သင်ခန်းစာဖြစ်ပါသည်။ ၄င်းသည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းမှ အပြောအဆိုများ၊ အတွေးများနှင့် လုပ်ဆောင်ပြုမူခြင်းတို့ကို လွှမ်းမိုးလျက် ဆက်စပ်ပတ်သက်စေပါသည်။ ချစ်စရာကောင်းသော ပွေ့ဖက်မှုတိုင်းသည် နူးညံ့သကဲ့သို့ ထိုနည်းတူ တင့်တယ်သော အပြုအမူတိုင်းသည်လည်း ချစ်ခြင်းမေတ္တာဖြစ်သည်ဟု -ကဗျာဆရာမှ ပြောခဲ့သည့်အတိုင်း ဖြစ်ပါသည်။